# မောင်ချောနွယ်နေ့

ကဗျာရေ
ကိုချောညီမလေးမမြင့်လက်တွေ
အေးစက်နေတာပဲ
ကျနော်အကြာကြီးကိုင်ထားမိတယ်
ကိုချောမြေးမလေးကဗျာရွတ်တယ်
ကလေးအသံလေးဖွေးလက်နေတာပဲ
ကိုချောကိုမသိတဲ့သူတွေက
သိတဲ့သူတွေထက်များတယ်
ဒါ
ခွက်ထဲမှာ ကဗျာတဝက်ရှိတာပဲ
နောက်ပြီး
အမည်နှစ်ခုသုံးခုနဲ့လူတွေကများများ
ဟိုအရာကနည်းနည်း
ဒါ
အစီအငေါ်တည့်စွာ ကျနော်ချော်လဲရဖို့ဖြစ်တယ်
အောက်မေ့ဖွယ် နဖူးကွဲခဲ့တယ်
ကိုချောအောက်မေ့ဖွယ်သွေးနည်းနည်း ထွက်ခဲ့ရပါတယ်။ ။

၆ ဇော်တင်ဘာ ၂၀၁၂